# ပထမအကြိမ်အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး

## နဝမနေ့ အစီအစဉ်

[ ၁၄ - ၃ - ၂၀၁၁ ]

(တနင်္လာနေ့)

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ဘူးသီးတောင်မြို့နယ်ဒေသတွင် ဝါးပင်များ သဘာဝအလျောက် များစွာ ပေါက်ရောက်လျက်ရှိရာ စက္ကူပျော့ဖတ်စက်ရုံ တည်ဆောက်ပြီး ထုတ်လုပ်နိုင်သည့် အလားအလာရှိပါက ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **တောင်ကုတ်မြို့နယ်ရှိ နေပူတောင်ဒေသနှင့် ဂူတောင်-ကန်တောင်ဒေသတို့တွင် ထုံးကျောက်**

**တောင်များမှ ဘိလပ်မြေထုတ်လုပ်နိုင်မည့် စီမံကိန်းများကို နိုင်ငံတော်မှ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန်** ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ချင်းပြည်နယ် အတွင်း ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်ခွင့်ပြုရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **ရန်ကုန်မြို့တွင် မြို့ပတ်ရထားပြေးဆွဲမှု တိုးမြှင့်ဆောင်ရွက်ပေးရေးနှင့်** စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **မန္တလေး-ရွှေဘို-မြစ်ကြီးနား မီးရထားလမ်းကြောင်းကို ရာသီမရွေး စိတ်ချလက်ချ ခရီးသွားလာနိုင်စေရေးအတွက် စီစဉ်ထားရှိမှု အခြေအနေ**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ဂန့်ဂေါမြို့နှင့် ရေစကြိုမြို့အကြား ကားလမ်းအား ဆယ့်နှစ်ရာသီသွားနိုင်အောင် ပြုပြင်ပေးပါရန်နှင့် အရှေ့ဂန့်ဂေါနှင့် အနောက်ဂန့်ဂေါကြားရှိ ကြိုးတံတားအား ကားသွားနိုင်သော တံတားအဖြစ် တည်ဆောက်ပေးပါရန်** အဆိုကို သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ပလက်ဝမြို့နှင့် မတူပီမြို့ကို ဆက်သွယ်သော မော်တော်ကားလမ်းအား အမြန် တည်ဆောက်ပေးပါရန်** အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်းဆွေးနွေး ခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ ဦးကျွန်ခဲန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပြီး ဝန်ထမ်းငယ်များအား ၎င်းတို့၏ လစာငွေမှ လစဉ်အရစ်ကျ ခုနှိမ်စနစ်ဖြင့် ဝယ်ယူရေးစီစဉ်ပေးရန်** အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက် နှင့် အချိန်ကို ကြေညာခြင်း။